# သခင့်စကား
ဝိညာဉ်ရေးဂျာနယ်


ငါ့စကားကို စေ့စေ့နားထောင်လျှက် ကောင်းသော အစာကို စားကြလော့။ သင်တို့၏ ဝိညာဉ်သည် ချိုသောအရာတို့၌ မိမိကို မိမိ မွေ့လျော်စေလိမ့်မည်။ ဟေ ၅၅း၂


အမှတ်စဉ် (၄၆) ဇွန်လ ၂၀၀၅ ခုနှစ် မွေ့ဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်



ယခင်လ မှ အဆက် –

## ကျွန်တော် ၏ ရင်တွင်းစကား ၁၄

ငါတို့ စား ၊ ဝတ် ၊ နေရေး အတွက် –
ပုဆိုးတို ဝတ် ၊ ချွေး စိုစွတ်ခဲ့တဲ့ အဖေ ။
နေလောင်လို့ အသားနက် ၊ လက် အသားမာ တက်ခဲ့တဲ့ အဖေ ။
အအိပ်ပျက် အစားပျက် ၊ ခြေဖနောင့် အက်ခဲ့တဲ့ အဖေ ။
ရေထမ်း ရောင်းတဲ့ အဖေ ၊ ဆိုက္ကား မောင်းတဲ့ အဖေ ။
ဘတ်စ်ကား တွယ်စီးတဲ့ အဖေ ၊ လူ အဆဲအဆို ခံခဲ့တဲ့ အဖေ ။
လကမ္ဘာပေါ် တက်ဖူးတဲ့ အဖေ ၊ ထောင်ကျ ဖူးတဲ့ အဖေ ။
အရက်တစ်လုံးနဲ့ ခွက်ပုန်း ချတဲ့ အဖေ ။
ကလောင်အစုတ်နဲ့ စာတကုပ်ကုပ်ရေးတဲ့ အဖေ။
အပျော်မယားနဲ့ နှစ်ပါးသွားတဲ့ အဖေ ။
တရားပလ္လင်မှာ တံတွေးစင်အောင် စကားပြောတဲ့ အဖေ ။
အမြောက် ကြိုက်တဲ့ အဖေ ၊ ဝေါက် ရိုက်တဲ့ အဖေ ။
ငွေရဖို့ အကုန်လုပ်တဲ့ အဖေ ၊ အခြေမလှလို့ မတုန်လှုပ်တဲ့ အဖေ
အဖေ အမျိုးမျိုး အထွေထွေ
စရိုက်မတူ၊ အကြိုက်မတူ
ကာလာ မတူ ၊ ဘာသာမတူ
စိတ်ဓါတ်မတူ ၊ အိတ်ကပ် မတူ
ဘွန်လေး (**Boon Lay**) က အဖေ နဲ့ တွံတေး က အဖေဟာ
နေရာသာ မတူခဲ့ ပေမဲ့ ၊ မြေကမ္ဘာမှာ ခြေဗလာနဲ့
( ငါတို့အတွက် ) ငွေရှာတာချင်းတော့ တူခဲ့တဲ့ အဖေတွေပါလေ ။
အဖေ ဆိုတာ ဘာနဲ့ နှိုင်းပြရပ့ါ ၊
အင်း … မနှိုင်းကောင်း နှိုင်းကောင်း
ရော်ဘာ ဖိနပ် လို
လူတွေ အသားမနာဖို့ ၊ သူကတော့ ပါးလွှာလို့
မြေသားနဲ့ ဖဝါး ကြားမှာ ဓါးစားခံ ဖြစ်ခဲ့တာ ၊
သမီးသားနဲ့ လောကဓံကြားမှာ တရားခံ ဖြစ်ခဲ့တာ ၊
ဟိုး – ကမ္ဘာဦး ကတည်းကပေ့ါ။ ။

**( မင်းဇေအောင်သက်လွင် )**

( ၂၀၀၅ ခုနှစ် ဖခင်များနေ့နှင့်
ဆုံးပါးသွားပြီဖြစ်တဲ့ အဖေ့ အတွက် အမှတ်တရ ရေးစပ်ပါသည်။ )

### (ခ) အပြစ်ရှင်းရှင်း လွှတ်ခြင်း၊ ပြေရှင်းခြင်း။

ဓမ္မဟောင်းကာလက အထက် အပိုဒ် (က) ၁ တွင် ဖေါ်ပြသလို ကြိုးစား ပြုလုပ်နေငြားလည်း အပြစ်လုံးလုံးရှင်းရှင်း မပြေငြိမ်းနိုင်သဖြင့် ထပ်တလဲလဲ ယဇ်ပူဇော် အပြစ်ဖြေခြင်းကို ပြုလုပ်နေကြရပါသည်။ သို့သော် သခင်ယေရှု၏ တကြိမ်တည်း အသေခံ ပူဇော်ခြင်းအားဖြင့် အပြစ်များ လုံးလုံး ပြေရှင်းသွားပြီ ဖြစ်သောကြောင့် ဤသို့ ထပ်တလဲလဲ ယဇ်ပူဇော် အသေခံ နေရန် မလိုဘဲ ကျွန်ုပ်တို့ အပါအဝင် လူသားအားလုံး အပြစ် ရှင်းရှင်း လွှတ်ခြင်း ခံရကြပြီ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် <u>သခင်ယေရှုသည် အပြစ်နှင့် လုံး၀ ကင်းစင်</u> သောကြောင့် (၂ကော ၅း၂၁၊ ၁ပေ ၁း၁၉ ၊ ၁ယော ၃း၅–၆) သခင်ယေရှု၏ အပြစ်သားများ ကိုယ်စား အသေခံပူဇော်ခြင်းသည် အပြစ်လွှတ်ခြင်းကို ပြီးပြည့်စုံ စေနိုင်ပါသည်။

**ဟေဗြဲ ၇း၂၇–၂၈ “ယဇ်ပရောဟိတ် မင်းတို့သည် ကိုယ်အပြစ်ကြောင့်၎င်း၊ လူများ အပြစ်ကြောင့်၎င်း၊ နေ့တိုင်း ယဇ်ပူဇော်ရသကဲ့သို့၊ ထိုသခင်သည် ယဇ်ပူဇော်စရာ အကြောင်း မရှိ။ အဘယ်ကြောင့်နည်း ဟူမူကား၊ <u>မိမိ ကိုယ်ကို တခါတည်း ယဇ်ပူဇော်၍ ထို အမှုကို ပြီးစေတော်မူပြီ</u>။**

**ဟေဗြဲ ၉း၁၂ “ငါတို့အဘို့ ထာဝရ ရွေးနှုတ်ခြင်း ကျေးဇူးကို ခံရ၍ ဆိတ် အသွေး၊ နွားကလေး အသွေးနှင့် မဟုတ်၊ မိမိ အသွေးတော်နှင့် သန့်ရှင်းရာ ဌာန ထဲသို့ တခါတည်း ဝင်တော်မူ၏။”**

**၁ယော ၁း၇ “ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ အသွေး တော်သည်၊ <u>ငါတို့ အပြစ် ရှိသမျှကို</u> ဆေးကြောတော်မူ၏။”**

**ယော ၁၉း၃၀ “ယေရှုသည် ပုံးရည်ကို ခံပြီးမှ၊ <u>အမှုပြီးပြီ</u> ဟု မိန့်တော်မူလျက်၊ ခေါင်းတော်ကို ငိုက်ဆိုက်ညွတ်၍ အသက်တော်ကို စွန့်တော် မူ၏။”**

### (ဂ) ထမြောက်ခြင်း။

ဤကဲ့သို့ အပြစ်များ ရှင်းရှင်း လွတ်ခြင်းကြောင့် အထက်အပိုဒ်ကြီး(၁) တွင် ပြောခဲ့သည့်အတိုင်း အာဒံမှ စ၍ အပြစ်ကြောင့် ကျိန်စာသင့်၍ သေမျိုးဖြစ်ခဲ့ရသည့် လူသားများ ကျိန်စာမှ လွတ်ပြီး သေဘေးမှ လွတ်သွားပါသည်။ အပြစ် လုံး၀ မရှိတော့သည့် အတွက် သေဘေးသည် လုံး၀ချုပ်ကိုင် မထားနိုင်တော့ပါ။ **တမန် ၂း၂၄ "ထိုသူကို သေခြင်း ဝေဒနာသည် အစဉ် ချည်နှောင်ချုပ်ကိုင်၍ မဖြစ်နိုင်သည့်နှင့်၊ ထို ဝေဒနာကို ဘုရားသခင် သည် ချွတ်ပယ်၍ ထမြောက် စေတော်မူပြီ။"**

## (ဃ) *ဘုရားသခင်နှင့် မိတ်သဟာယ ပြန်ဖွဲ့ခြင်း။*

အပြစ် ရှင်းရှင်း လွတ်၍ ထမြောက်ပြီးနောက် ဘုရားသခင်နှင့် ပြန်လည် မိတ်သဟာယဖွဲ့ခွင့် ရရှိခဲ့ပါသည်။ ဘုရားသခင်ထံ အတားအဆီး မရှိ တိုက်ရိုက် ဝင်ခွင့် ရရှိခဲ့ပါသည်။

တမန် ၂း၂၈ "မျက်နှာတော်ကို ဖူးမြင် ရသော အားဖြင့် ဝမ်းမြောက်သော စိတ်နှင့် အကျွန်ုပ်ကို ပြည့်စုံစေ တော်မူ လိမ့်မည်။"

လုကာ ၂၃း၄၃ " ဗိမာန်တော်၏ ကုလားကာသည် နှစ်ဖြာ ကွဲလေ၏။"

ရောမ ၅း၁၁ "ငါတို့ သခင်ယေရှုခရစ် အားဖြင့် မိတ်သဟာယ ဖွဲ့ရာ ကျေးဇူးကို ယခု ခံပြီးလျှင်၊ ထိုသခင်အားဖြင့် ဘုရားသခင်၌ ဝါကြွား ဝမ်းမြောက်ခြင်း ရှိကြ၏။"

## ၄) *အဘယ်ကဲ့သို့ အပြစ်သားများ ကယ်တင်ခြင်း ရရှိနိုင်ပါသနည်း။*

အပြစ်သားများ လာမည့် ဘေးဒဏ် ငရဲမှ ကယ်တင်ခြင်း ရရှိနိုင်မည့် အဖြေသည် ရိုးရိုးရှင်းရှင်းလေး ဖြစ်ပါသည်။ အားလုံးကို ကယ်တင်ပိုင်သော သခင်ယေရှုကို မိမိကိုယ်ပိုင် ကယ်တင်ရှင် အဖြစ် လက်ခံ ယုံကြည်ရန်သာ ဖြစ်ပါသည်။

ယော ၁၄း၆ "ယေရှုက ငါသည် လမ်းခရီး ဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော် ထံသို့ မရောက်ရ။" ယော ၃း၁၆–၁၇ " ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သူအပေါင်း တို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည် တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။"

သားတော် သခင်ယေရှုခရစ် အားဖြင့် ပေးတော်မူသော အဖ ခမည်းတော် ဘုရားသခင်၏ ကယ်တင်ခြင်းသည် ပြီးပြည့်စုံသည်ဖြစ်၍ အမှန် ယုံကြည်သူတိုင်း ရရှိမည်ဖြစ်ပါသည်။

ပေးသောသူက ပေးပြီးပြီ ဖြစ်သည်။ လက်ခံသူက ယုံကြည် ခံယူရုံဘဲ ဖြစ်ပါသည်။

ထို့ကြောင့် ဝမ်းမြောက်ဘွယ် သတင်းအမှန် ဖြစ်ပါသည်။ ခရစ်တော်၏ တရား **(Christianity)**သည် သမ္မာတရား၊ အမှန် တရား **(Truth)** ဖြစ်ပါသည်။ ဟာလေလုယာ၊ ထမြောက်ပြီ။

ပိုမို လေ့လာလိုသူများအတွက် အရေးပါသောကျမ်းချက်များ။


<u>ထမြောက်ခြင်း၊ ထာဝရအသက်၊</u> ၁ကော ၁၅ တခန်းလုံး၊ ရောမ ၈း၁၁၊ ယော ၁၁း၂၅–၂၆၊ ဆာလံ ၄၉ း ၉၊၁၅။ ၈၆း၁၃။ ၈၉း၄၈။ တမန် ၁၃း၃၅–၃၇၊ ၂ကော ၃း၆၊

<u>သခင်ယေရှု အပြစ်ကင်းစင်ခြင်း၊</u> ဟေဗြဲ ၄း၁၅။ ၇း၂၆၊၂၇။ ၁ပေ ၂ း၂၂။ <u>ဘုရားသခင်၏ သိုးသူငယ်၊</u> ၁ကော ၅း၇၊ ယော ၁း၂၉၊၃၆။ ဟေရှာယ ၅၃း၇၈၊ တမန် ၈း၃၂၊ ဗျာ ၅း၆၉။

**( အကါပန့် )**

ooooooooooooooooooooooooooooooooooooooooooooooooooo

ooooooooooooooooooooooooooooooooooooooooooooooooooo




တစ်ခါတုန်းကပေါ့ကွယ်။ လယ်သမားကြီး တစ်ယောက်ဟာ အလုပ်လုပ်နေရင်းနဲ့ သူ့ရဲ့ လက်ပတ်နာရီဟာ စပါးကျီထဲ ကျပျောက် သွားသတဲ့။ ဒီလက်ပတ်နာရီလေးဟာ သူ့အချစ်ဆုံး သူငယ်ချင်းတစ်ယောက်ဆီက လက်ဆောင်ရထားတာ ဖြစ်တဲ့အတွက် သူ အလွန်ပဲ မြတ်နိုးတန်ဖိုးထားတာပေါ့ကွယ်။ သူဟာ စပါးကျီထဲမှာ သူ့လက်ပတ်နာရီလေးကို အချိန်အကြာကြီး ကြိုးစားရှာပေမဲ့ မတွေ့ဘူးတဲ့။ နောက်ဆုံး တော့သူဟာ လက်လျှော့ပြီး အနီးအနားမှာ ဆော့ကစားနေကြတဲ့ ကလေးတစ်သိုက်ကို ရှာခိုင်းသတဲ့ကွယ်။ လက်ပတ် နာရီလေးကို ပြန်ရှာလို့တွေ့တဲ့ သူကိုလည်း ငါးဒေါ်လာ ဆုချမယ်လို့ပြောသတဲ့။

ကလေးတွေဟာ ဝမ်းသာအားရ စပါးကျီထဲဝင်လာပြီး ကောက်ရိုးမျှင်တွေ၊ စပါးခွံတွေကြားမှာ နေရာအနှံ့ လိုက်လံရှာဖွေမွှေ နှောက်ကြပေမဲ့လည်း မတွေ့ကြဘူးတဲ့။ လယ်သမားလည်း လက်လျှော့ အရှုံးပေးလိုက်တော့မဲ့ဆဲဆဲ ကလေးငယ်လေး တစ်ယောက်ဟာ သူ့ဆီလာပြီး သူ့ကို နောက်ထပ်တစ်ကြိမ် ရှာခွင့်ပေးဖို့ တောင်းဆိုလိုက်တယ်။ လယ်သမားကြီးကလည်း ကလေးငယ်လေးကို ရှာခွင့် ပြုလိုက်တယ်။

ခဏလေးကြာတဲ့အခါ ကလေးငယ်လေးဟာ လက်ထဲမှာ လက်ပတ်နာရီ တစ်လုံးနဲ့ စပါးကျီထဲက ပြန်ထွက်လာသတဲ့။ လယ်သမားကြီးဟာ အံ့လည်းအံ့သြ၊ ဝမ်းလည်းဝမ်းသာနဲ့ ကလေးငယ်လေးကို နာရီ ဘယ်လိုပြန်ရှာတွေ့သလဲလို့ မေးလိုက်တော့ ကလေးငယ်လေးဟာ ကျွန်တော် ဘယ်နေရာမှ လိုက်မရှာပါဘူး။ ဒီအတိုင်းထိုင်ပြီး နားထောင်နေလိုက်တယ်။ တိတ်ဆိတ် ငြိမ်သက်နေတဲ့ အချိန်မှာ နာရီလက်တံလည်သံ တချောက်ချောက်ကို ကြားရပြီး ကြားတဲ့နေရာအတိုင်း လိုက်ရှာလိုက်တော့ တွေ့သွားတာပေါ့လို့ ပြောလိုက်သတဲ့ကွယ်။

ခရစ်ယာန် ညီအစ်ကို၊ ညီအစ်မများတို့ရေ – – မကြာခဏဆိုသလို ကျွန်တော်တို့ရဲ့ ဘ၀ လောကခရီးမှာ အခက်အခဲ ပြဿနာ ဒုက္ခဆင်းရဲမှုများ ကြုံတွေ့ ရတတ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်၊ ကျွန်မတို့ဟာ ပျာယာခတ်၊ ပွက်လောရိုက်ပြီးတော့ လူကို အားကိုး တွယ်တာနေမဲ့အစား ငြိမ်ဝပ်စွာနဲ့ ထိုင်နေလျက် အဖဘုရားသခင်ထံမှလာမဲ့ ကူညီမစမှုများကို ဆုတောင်းလျက် အဖြေရှာကြပါစို့လား။ တစ်နေရာရာမှာ ဘုရားသခင်ထံမှ စကားတစ်ခွန်းခွန်း ကိုတော့ ကြားရပါလိမ့်မယ် – – – မိတ်ဆွေ။

**ငြိမ်ဝပ်လျက် နေကြလော့၊ ငါကား ဘုရားသခင်ဖြစ်သည် ဟုသိမှတ်ကြလော့၊ ဆာလံ ၄၆း၁၀ ။** အာမင်။

**နန်းခင်ဖြူ** ( ၈ ၊ ၁၁ ၊ ၀၄ )

# မေမေ့ရဲ့ ရင်သွေး

ချစ်သမီး ... မေမေ အသက်ရှင်နေသရွေ့ သမီးငယ် ပြန်လာမဲ့ အချိန်ကို နေ့စဉ် စောင့်မျှော်နေတယ်။

ဗလာစာရွက်လွတ် တစ်ရွက်ပေါ်မှာ တုန်ရီနေတဲ့ လက်နဲ့ ရေးခဲ့တဲ့ အမေ့ရဲ့ စာလေးကို မပြောပြဘဲနဲ့ ကျွန်မ သိနေခဲ့ပါတယ်။ ဩော် မေမေ အသက် ရှစ်ဆယ်နီးပါးတောင် ရှိနေခဲ့ပြီကိုး – ။ ကျွန်မရဲ့ အသက်ကို ပြန်ရေတွက်ကြည့်မှ မေမေ့ရဲ့ အသက်ကို ပြန်အမှတ်ရ မိပါတယ်။ တကယ်ဆိုရင် ကျွန်မရဲ့ မိခင်က စောဒက တက်ခဲ့လို့ သူနဲ့ အဆက်အသွယ်ဖြတ်ခဲ့တာ နှစ်တွေ လတွေ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ ဆိုတာကို သတိမရတော့ပါဘူး။

ကျွန်မ တကယ် ရင်နာခဲ့ရပါတယ်။ ကြိုးကြိုးစားစား အလုပ် လုပ်ပြီး ရလာတဲ့ ငွေတွေကို မိခင်အတွက် ပို့ပေးလိုက်တဲ့အခါမှာလဲ အဲဒီငွေတွေဟာ မိခင်နဲ့ အတူရှိနေတဲ့ သမီးကြီးအတွက် စီးကရက်ဖိုး၊ ဆေးပေါ့လိပ်ဖိုး ဖြစ်သွားခဲ့တဲ့အတွက် ကျွန်မ ဘယ်လိုခံစားရမှာလဲ။ ဒါတင် မကသေးပါ ဆေးလိပ် အသောက်များတဲ့ သမီးကြီးဟာ စားမဝင် အိပ်မပျော်ဖြစ်ပြီး၊ နောက်ဆုံး စိတ်ဝေဒနာရှင်တစ်ယောက် ဖြစ်ခဲ့ရပါတယ်။ တစ်ခါတစ်လေ စိတ်ဖောက်ပြန်ပြီး မေမေ့ကိုလဲ မမှတ်မိ၊ တခြားသူတွေကိုလဲ အရေးမစိုက်ဘဲ တွေ့ရာ ဓါး၊ တုတ် ဆွဲပြီး ရန်လိုက်တွေ့နေတဲ့ သတင်းကို ကြားရတဲ့အခါ ကျွန်မ ဒေါသ ထွက်ခဲ့ရပါတယ်။

မိခင်တွေဟာ ဘာဖြစ်လို့ သားဆိုး သမီး ဆိုးတွေကို ပိုပြီး ခင်တွယ် ကြင်နာကြတာလဲ။ ဒါတင် မကသေးပါဘူး အမေက စိတ် ဖောက်ပြန်နေတဲ့ သူ့သမီးအကြီးကို ဆေးရုံတင် ကုသခံဖို့အတွက် "သမီးငယ် ငွေပို့ပေးပါ" လို့စာထပ်ရေးလိုက်ပြန်ပါတယ်။ ကျွန်မ ဒေါသစိတ်နဲ့ အမေ့ရဲ့ စာကို အပိုင်းပိုင်းပြတ်အောင် ဆွဲဆုတ်ပစ်လိုက်ပါတယ်။ တကယ်ပါ။ ဒေါသစိတ်ကြောင့် ကျွန်မ တကိုယ်လုံး တုန်ခါနေခဲ့ပါတယ်။ တကယ်ဆိုရင် ကျွန်မရဲ့ အခြားသော ညီအစ်ကို မောင်နှမတွေဆီမှာ ဘာကျေးဇူးမှ တုံ့ပြန်ဆပ်စရာမလိုဘဲ အမေ တစ်ဦးတည်းသာ မွေးကျေးဇူးရှိခဲ့တာကြောင့် အမေ့ဆီကိုဘဲ ငွေပို့ခဲ့တာဖြစ်ကြောင်း ကျွန်မ စာပြန်ရေးခဲ့ပါတယ်။


အချိန်ရာသီတွေ ဘယ်လောက်တောင် ရွေ့ပြောင်းလာသလဲ မသိပါ။ မေမေ ပြန်ရေးလိုက်တဲ့ ပြန်စာကို မေ့မေ့ပျောက်ပျောက် စိတ်ပြေတဲ့ အထိ ဖွင့်မဖတ် ဖြစ်ခဲ့ပါ။ စားပွဲပေါ် ဒီအတိုင်း တင်ထားလိုက်ပါတယ်။ ကျွန်မ ဆီက ဘာတွေ ထပ်တောင်းအုံးမလဲ ဆိုတဲ့ စိတ်နဲ့ ဖွင့်ဖတ်ချင် စိတ်လဲ မရှိခဲ့ပါ။

မမျှော်လင့်တဲ့ တစ်နေ့မှာ၊ သတင်းစာရဲ့ စာမျက်နှာတစ်ခုမှာ ကျွန်မရဲ့ နှလုံးသားတစ်ခုလုံး ကြေမွသွားစေနိုင်တဲ့ အကြောင်းအရာတစ်ခုကို ဖတ်လိုက် ရပါတယ်။ အဲဒီ အဖြစ်အပျက်ကတော့ အမေရိကန်နိုင်ငံရဲ့ ပြည်သူပြည်သားတွေ၊ ဘာသာရေး ခေါင်းဆောင်တစ်ချို့ အငြင်းပွားခဲ့ရတဲ့ ရှီယာဗို ( **Shiavo** ) မိသားစု အကြောင်းဖြစ်ပါတယ်။ မစ္စရှီယာဗိုဟာ ၁၉၉၀ ခုနှစ်မှာ နှလုံးရောဂါကြောင့် ဦးနှောက်ပျက်စီးသွားပြီး ဒုက္ခိတ ဘဝကို ရောက်ခဲ့ရုံမက အစာသွင်း ပြွန်က တဆင့် အသက်ဆက်ခဲ့ရပါတယ်။ ဘာကိုမှ သိရှိ ခံစားနိုင်စွမ်းမရှိဘဲ။ အသက်ဆက်နေရတဲ့ အမျိုးသမီးကို သူမရဲ့ ခင်ပွန်းသည် မိုက်ကယ်ရှီယာဗိုက ၁၉၉၈မှာ အစာသွင်းပြွန်ကို လွှင့်ထုတ်ပစ်ဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး မိသားစုရဲ့ အငြင်းပွား ရန်ဖြစ်မှု စတင်ခဲ့ပါတယ်။

တစ်ချို့လူတွေက မိုက်ကယ်ကို ချစ်တဲ့သူရဲ့ ဒုက္ခခံစားမှုကို မမြင်ရက်တော့လို့ ထာဝရငြိမ်းချမ်းမှုကို စောစောရောက်အောင် ပို့ပေးဖို့ ကြိုးစားခဲ့တဲ့ ချစ်သူရဲကောင်း လို့ တင်စားခဲ့ကြသလို။

တစ်ချို့သော ဘာသာရေး ခေါင်းဆောင်တွေနဲ့ မစ္စရှီယာဗိုရဲ့ မိသားစု၊ သူနာပြု ဆရာမတွေက မိုက်ကယ်ကို အရက်စက်ဆုံး လူသားတစ်ဦးအဖြစ် စွပ်စွဲခဲ့ကြပါတယ်။ ဒီအငြင်းပွားမှုဟာ အမေရိကန် သမ္မတရဲ့ ဆုံးဖြတ်ချက် ခံယူရတဲ့အထိ ကြီးကျယ်သွားခဲ့ပါတယ်။ ဒီအဖြစ်အပျက်ထဲက သနားစရာ အကောင်းဆုံး သူကတော့ မစ္စရှီယာဗိုရဲ့ မိခင်ဘဲဖြစ်ပါတယ်။ မိခင်ကြီးဟာ အမှုနိုင်ဖို့ တကယ် ဆုတောင်းခဲ့ပါတယ်။ သူ့သမီး ဘာဘဲဖြစ်ဖြစ် ဘယ်လို ဘဝဘဲ ရောက်ရောက် အသက်ရှင် စေလိုကြောင်း ပြောပြခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ သမီးဟာ ကျွန်မရဲ့ အသက်၊ ကျွန်မရဲ့ ဘဝဘဲဖြစ်တယ်လို့ အကြိမ်ကြိမ် ပြောခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ရှီယာဗိုရဲ့ မိခင် ဆုတောင်း မပြည့်ခဲ့ပါဘူး။

ရှီယာဗိုရဲ့ မိခင်အကြောင်း စဉ်းစားမိလေလေ၊ ကျွန်မရဲ့ မွေးမိခင်ကို သတိရလေလေ ပါဘဲ။ မိခင်ကို လွမ်းတဲ့စိတ် ထိန်း မရတဲ့အဆုံး စိတ်တိုတိုနဲ့ မဖတ်ဖြစ်ခဲ့တဲ့ စားပွဲပေါ်က အမေ့ရဲ့ စာကို ဖွင့်ဖတ်မိလျက်သား ဖြစ်သွားပါတယ်။ အို – ကျွန်မရဲ့ အထင်အမြင်တွေ လွဲမှားခဲ့ပါလား။ ကျွန်မ ထင်သလို မေမေက ကျွန်မဆီက ဘာမှ မတောင်းခဲ့ပါလား။ သူအလိုချင်ဆုံးက သူ အသက်ရှင်နေသမျှ ကာလပါတ်လုံး သူ အသက်နဲ့ ရင်းပြီး မွေးလာခဲ့တဲ့ သားသမီး တစ်ယောက်စီတိုင်း သူ့ရဲ့ အနီးနားမှာ ရှိနေစေချင်တာပါဘဲတဲ့။ အိုမေမေရယ်၊ သမီးကို ခွင့်လွှတ်ပါ မေမေ။ အမေ့ အပေါ်ပြစ်မှားမိခဲ့တဲ့ အပြစ်တွေအားလုံးကို တောင်းပန်ရင်း မျှော်နေပါ၊ သမီး အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်။ ကတိပေးပါတယ် မေမေ။



**သီလနှင့် ပြည့်စုံသော မိန်းမကို အဘယ်သူ တွေ့ရသနည်း။ ထိုသို့သော မိန်းမသည်၊ ပတ္တမြားထက် သာ၍ အဖိုးထိုက်၏။ သုတ္တံ ၃၁း၁၀**

ချစ်သော ဓမ္မမိတ်ဆွေ – သင့်အသက်တာမှာ သင်အချစ်ဆုံးဟာ ဘယ်သူလဲ။

သင့်ကို အချစ်ဆုံးဟာ ဘယ်သူလဲ။ သင်သည် ဆိုးပေတေ မိုက်မဲ၊ မတရားသော အမှု၊ အသုံးမကျသော အမှုကို တွယ်ဖက် အသက်ရှင်တဲ့သူ တစ်ယောက် ဖြစ်ခဲ့ရင် ဒါမှမဟုတ် ရောဂါဆိုးတစ်ခုကြောင့် နလံ မထူနိုင်အောင် ဖြစ်နေခဲ့ရင် သင့်ရဲ့ အချစ်ဆုံးက သင့်ကို ရာသက်ပန် ချစ်သွားနိုင်ပါ့မလား။ ဒါပေမဲ့ သင်ဘာဘဲ ဖြစ်နေနေ သင့်ထံမှ မကွာ၊ သင့်ကို ထာဝရမေတ္တာဖြင့် ကြိုဆိုနေတဲ့ သင့် မိခင်ရဲ့ရင်ခွင်ဟာ သင့်အတွက်ခိုလှုံဖို့ရာ အစဉ်ရှိနေတယ်ဆိုတာ သံသယ ဖြစ်စရာ မလိုပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ သင်ဟာ သူမရဲ့ အသက်၊ ရင်သွေးဖြစ်နေလို့ပါဘဲ။ ဒါတင်မက ဘုရားသခင်ဟာ သူ့ရဲ့ မေတ္တာကို သိနိုင်ဖို့အတွက် မိခင်တွေကို ဖန်ဆင်း ပေးခဲ့တယ်ဆိုတာ သေချာပါတယ်။

ကျွန်မတို့ရဲ့ ပုခက်လွှဲသော မိခင်တိုင်းဟာ မေတ္တာရှင်များ ဖြစ်နေ[illegible] ကခြင်းပါဘဲ။ မိခင်တိုင်း ကျန်းမာ ရွှင်လန်းနိုင်ကြပါစေသော်ဝ်။

ခရစ်တော်၏ မေတ္တာဖြင့် **ဒေအာမီထွန်း**

# သို့ မေမေ (၈)

အမေ ...
တော မက ၊ မြို့ မကျမှာ
'ပေ'လာခဲ့တဲ့ ကျွန်တော် ။
မြေပြန့် မက ၊ တောင်ပေါ် မကျမှာ
'လေ'လာခဲ့တဲ့ ကျွန်တော် ။
နုံထုံထုံ အတတ
နေရာ မကျတဲ့ ကျွန်တော် ။
ဘုရား မြောက်စား
အများ ထောက်ထားလို့
သား ...
ဒီနိုင်ငံ ( စင်ကာပူ ) ဒီဘဝကို ရောက်ခဲ့တယ်။
အမေ ...
တိုးတက်ပုံများ
သားလေ –
စားတော့ **KFC**
သောက်တော့ ဝီစကီ
သွားတော့ **MRT**
ထိုးတော့ ထီ **4D**
ဝတ်တော့ ခါတော်မှီ
အိပ်တော့ ကညာမဒီ
ပြောတော့ မပီတပီ
နေတော့ တဲယာယီ
ဟန်းဖုန်းက တတီတီ
ဦးခေါင်းက ဆံနီနီ
ကိုးရိုးကားယား
ဖိုးရိုးဖားယားတွေနဲ့
သား –
နေသားကျခဲ့တယ်။
အမေ ...
နှစ်တွေကြီးလာတော့
သားလေ –
အပြောက ကြီး
စကားက စီးသေး
ငါသိ ငါတတ်
မာန်မာနတွေနဲ့
ဘုရားကို မေ့ ၊ တရားကို ရွှေ့လို့
အောက်ခြေ မခိုင် ဘဝတွေ ယိုင်မှ
အမေရေ
သားမှာ လူ မတတ်နိုင်တဲ့ အမှုတွေ ရှိခဲ့ပြီ ။ ။



**( SAW A. THAW )**

**( KFC= Kentucky Fried Chicken,**
**MRT= Mass Rapid Transit**
**4D= Four Digit** ဂဏန်းလေးလုံးထီ **)**

## အဖေတို့ရဲ့ချစ်မေတ္တာ



ကမ္ဘာဦးက အစပြုလို့
ပြန်တွေး ကြည့်တဲ့အခါ
အာဒံနဲ့ အစပြုခဲ့တဲ့ ဖခင်များ
အဆုံးမဲ့ ချစ်မေတ္တာ ။

မဟာ တံတိုင်းကြီးတစ်ခု
ကွယ်ကာပေးခဲ့ လောကစံ
အိမ်ထောင်တစ်ခုရဲ့ သူ့ခွန်အား
ပဲ့ကိုင်လမ်းပြပါ။

ရင်မှာတမ်းတ သတိရလို့
အဖေတို့ရဲ့ ချစ်မေတ္တာ
တသွင်သွင်စီးဆဲ စမ်းရေအလား
ငြိမ်းချမ်းအေးမြစွာ။

ပင်လယ်အဏ္ဏဝါ လှိုင်းကြားမှာ မုန်တိုင်းလဲ သူ မမှု
ပူလောင်နွေကန္တာ သဲမွေ့ယာ
လေထန် ရေဆန် တိုးဝင်ရင်း
တောင်စဉ်တန်းများ ဖြတ်လျှောက်ကာ
လယ်ယာကိုင်းထဲ ဆင်းရဲစွာ
သူရှာဖွေကျွေးခဲ့ နေ့ရက်များ

နေပူမိုးရွာ နေ့ည မရွေး
နွေရယ် မိုး ဆောင်း ပြောင်းခဲ့လဲ
ခရီးဆက်ရှက်လှှင့် အဖေတို့ အချစ်တွေ
တန်ဘိုးကြီးစွာ ဒီလောက ကမ္ဘာ ။ ။

**( J မိုး )**

( အဖေ့အတွက် အမှတ်တရ )

**MIN AUNG THET LWIN    Blk 76A #30-02 Red Hill Road    SINGAPORE 151076**